## အမေးအဖြေများ

**မေး ၁။ အရှင်ဘုရား။ မြတ်စွာဘုရားက ပါရမီရှင်ဖြစ်ပါလျက် ဘာကြောင့် အိုနာသေ နိမိတ်ကို နတ်တွေက သတိပေးဘို့ လိုနေပါသေးသလဲ။**

ဖြေ။ ပါရမီရှင်ပင် ဖြစ်ပေမယ့် ကာမညွှန်မှ ရုန်းထွက်ဖို့ဆိုတာ အလွန် ခက်တယ်။ ဒါကြောင့် ပါရမီရှင်တို့ရဲ့ စိတ်နှလုံး နိုးကြွအောင် လှုံ့ဆော်မှုပေးတဲ့ ပြင်ပစွမ်းအား တစ်ရပ် ရှိသင့်ပုံရတယ်။ အရှင်အာနန္ဒာ။ အရှင် ဗာဟိယ။ ဒေဝဒတ်လည်း ပါရမီရှင်ပါပဲ။ (ကျမ်းဂန်မှာ ရှာဖွေဲဆဲ။ ပုဂ္ဂိုလ်ရေး ယူဆချက်မျှသာ)။

====================

**မေး ၂။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသည် မည်သည်ကို ခြုံ၍ ဆိုထားပါသလဲ။ ပိဋကတ် (၃) ပုံတွင် ပဋိပတ်၊ ပဋိဝေဓကို သီးခြား ဖေါ်ပြထားတာရှိပါသလား။ ကျေးဇူးတင်ပါတယ် အရှင်ဘုရား။**

ဖြေ။ **ပရိယတ္တိ = သင်ယူခြင်း။** အလဂဒ္ဒူပမ = မြွေဖမ်းဥပမာ။ မြွေကို မဖမ်းတတ်လျှင် ဒုက္ခတွေ့နိုင်သလို၊ သူတစ်ပါးတို့ ဝါဒကို ကဲ့ရဲ့ခြင်း၊ မိမိဝါဒကို ကာကွယ်ခြင်း၊ ကျော်စော လာဘ်ပေါ်ခြင်း အတွက် သင်ယူခြင်း။ နိဿရဏတ္ထ = မဂ်ဖိုလ် နိဗ္ဗာန်ကို ရရန် သင်ယူခြင်း။ ဘဏ္ဍာဂါရိက = ရဟန္တာတို့၏ ပရိယတ္တိ သင်ယူခြင်း။ သေက္ခ ၇ ယောက်တို့၏ သင်ခြင်းသည် နိဿရဏတ္ထ။ ပိဋကတ် ၃ ပုံ။

**ပဋိပတ္တိ = အကျင့်၊ ကျင့်ကြံ အားထုတ်မှု**။ သီလ သမာဓိ ပညာ သိက္ခာ ၃ ရပ်ကို ကျင့်ကြံမှု။ ဓုတင် ၁၃၊ ခန္ဓကဝတ်၊ ဝိပဿနာပညာ စသည်ကို အကျင့်ပဋိပတ်။ လောကုတ္တရာ တရားကို ရရန် အားထုတ်ခြင်း မှန်သမျှ အကျင့်ပဋိပတ်။ သုတ္တန်များစွာတို့၌ ကျင့်စဉ်ကို ဖော်ပြ ဟောကြားသည်။

**ပဋိဝေဓ = ထိုးထွင်း၍ သိမြင်ခြင်း။** လောကီ ဈာန်နှင့် လောကုတ္တရာ မဂ်ဖိုလ်တရား။

ပိဋကတ် (၃) ပုံသည် ပဋိပတ်ကို ညွှန်ပြသည့် လမ်းပြမြေပုံ။ သစ္စာလေးပါးကို ရနိုင်ကြောင်း နည်းလမ်းကို ညွှန်ပြသည့် တရားဒေသနာ မှန်သမျှ ပဋိပတ်။ ယင်း မြေပုံအတိုင်း ကျင့်ကြံခြင်းသည်လည်း ပဋိပတ်ပင် ဖြစ်သည်။ ပဋိဝေဓကို ဖော်ပြသည့် သုတ္တန်တို့လည်း အများအပြား ဖြစ်သည်။ ဈာန်ကို ပွားသည့်အခါ ဈာန် အဆင့်ဆင့်ကို ရပုံ၊ ဝိပဿနာကို ပွားသည့်အခါ မဂ်စိတ် ဖိုလ်စိတ်ဖြစ်ပုံတွေကို သုတ္တန်များစွာတို့၌ ဖော်ပြသည်။

====================

**မေး ၃။ အရှင်ဘုရား။ တရားအားထုတ်သည်ဟု ဆိုရာ၌ အဘယ်တို့ကို တရား၊ ထိုတရားကို ရအောင် ဘယ်လို ကျင့်ရမယ်ကို အကျဉ်းချုပ် ရှင်းပြပေးပါအရှင်ဘုရား။ တပည့်တော်တို့ ယောဂီတွေအတွက် ဘယ်အခြေ အနေမှာ ဘယ်အခြေအနေအထိ တိုးတက်ရောက်နေပြီဆိုတာကို သိဘို့ တိုးတက်မှု လမ်းစဉ် ကို ရှင်းပြပေး တော်မူပါ အရှင်ဘုရား။**

ဈာန်ကို ရအောင် အားထုတ်ခြင်း၊ မဂ်ဖိုလ်ကို ရအောင် အားထုတ်ခြင်း။ ဈာန်ကို ရအောင် အားထုတ်လျှင် မိမိ စရိုက်နှင့် သင့်လျော်သည့် သမထကမ္မဋ္ဌာန်း ၄၀ ထဲက တစ်ခုခုကို တရားဟု ခေါ်သည်။ မဂ်ဖိုလ်ကို

ရအောင် အားထုတ်လျှင် ကာယ ဝေဒနာ စိတ္တ ဓမ္မ ကို တရားဟုခေါ်သည်။ ဈာန်အတွက် ဥပမာ ဗုဒ္ဓါနုဿတိ၊ မေတ္တာဘာဝနာ စသည်၊ သမာဓိ ပဓာန။ မဂ်ဖိုလ်ကို ရအောင် အားထုတ်လျှင် ဖော်ပြပါ လေးမျိုးကို သတိဖြင့် မပြတ်အောင် စောင့်ကြည့်ရသည်။ ယင်းကို သတိပဓာန သို့မဟုတ် သတိပဋ္ဌာနဟု ခေါ်သည်။

**တိုးတက်မှု လမ်းစဉ်** ဟူသည်ကို မိမိနှင့် အဆင်ပြေသည့် တရားအားထုတ်နည်းဖြင့် အားထုတ်ပြီးနောက် အားထုတ်မှုဖြစ်စဉ် တိုးတက်လာသောအခါ မိမိကိုယ်ကို မိမိသိနိုင်သည်။ တိုးတက်မှု ဖြစ်စဉ်ကို သိရန်မှာ လွယ်သော်လည်း ခက်သည်။ **အားထုတ်မှု ဖြစ်စဉ်** တိုးတက်ရန်အတွက် သာမန် တစ်ယောက်အဖို့ ပုံမှန် **အားထုတ် ဖြစ်ဖို့၊ ဖွဲ့ရှိဖို့** လိုသည်။ အချို့မှာ မထင်မှတ်ဘဲ သင့်မြတ်သည့် သတိနှင့် သမာဓိ တိုးတက်ပြီး ပုံမှန်အားထုတ်ခြင်း မပျက်တော့ဘဲ တရားအားထုတ်ခြင်းမှာ နေ့စဉ်ဘဝ လုပ်ငန်းတစ်ခု အသွင်သို့ ရောက်သွားသည်။ ပါရမီအရ ထူးခြားသူဟု ဆိုနိုင်သည်။

====================

**မေး ၄။ အရှင်ဘုရား။ မဇ္ဈိမပဋိပဒါနည်း၏ အဓိပ္ပါယ်ကို ရှင်းပြပေးတော်မူပါ အရှင်ဘုရား။ မဇ္ဈိမပဋိပဒါနည်းဖြင့် နိဗ္ဗာန်ရောက်အောင်မည်ကဲ့သို့ ကျင့်ဆောင် အားထုတ်ရပါသလဲ အရှင်ဘုရား။ အရှင်ဘုရား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ။**

ဖြေ။ **မဇ္ဈိမပဋိပဒါ**ဟူသည် '**မဇ္ဈိမ** = အလယ်အလတ်၊ **ပဋိပဒါ** = ကျင့်စဉ်'ဟု စာပေနည်းအရ နားလည်ရသည်။ '**ကာမသုခလ္လိကာနုယောဂ** = လိုချင်နှစ်သက်ဖွယ် အာရုံများကို သာယာနှစ်သက် ခံစားခြင်း အစွန်းနှင့် **အတ္တကိလမထာနုယောဂ** = ကိလေသာ ငြိမ်းအောင် ကိုယ်ခန္ဓာကို ညှဉ်းပန်း နှိပ်စက်ခြင်း အစွန်း'ဟူသော အစွန်း နှစ်ပါးကို ပယ်လျှင် မဇ္ဈိမပဋိပဒါ ဖြစ်သည်။

မဇ္ဈိမပဋိပဒါဟူသည် အဘယ်နည်းဟူသော အမေးကို မြတ်စွာဘုရားကိုယ်တိုင် ဖြေထားပုံမှာ '**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ** = အင်္ဂါရှစ်ပါးရှိသော ဤလမ်းစဉ်ပင်တည်း'ဟု ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကို အနှစ်ချုပ်သော် 'သီလ သမာဓိ ပညာ' ဟူသော ကျင့်စဉ် သုံးပါးသာ ဖြစ်သည်။ သီလဟူသော အခြေခံ၌ ရပ်တည်၍ သမာဓိနှင့် ပညာကို ပွားများလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။

====================

**မေး ၅။ အရှင်ဘုရား။ အရှင်ဒေဝဒတ်က ဝိပဿနာရှုဖူးခဲ့သည့်အတွက် နောင်တချိန် ပစ္စေကဗုဒ္ဓ ဖြစ်မည် ဆိုတာ မှန်ပါသလားဘုရား။ တပည့်တော်အနေနှင့် ဝိပဿနာ ရှုဖူး၍ မဟုတ်ဟု ထင်ပါသည်။ နိဗ္ဗာန်ကို ရောက်ရန် ဖြတ်လမ်းမရှိဟု ထင်ပါသည်။ အရှင်ဒေဝဒတ်သည် တဆင့်ပြီး တဆင့်ကျင့်လာသော အကျင့် ကြောင့်သာ ပစ္စေကဗုဒ္ဓဖြစ်မည်ဟု ယူဆပါသည်။ ဝိပဿနာရှုခဲ့ဖူးသောကြောင့် မဟုတ်ဟု ထင်ပါသည်။ ရှင်းပြပေးတော်မူပါ အရှင်ဘုရား။**

## မစ္ဆိမပဋိပဒါ၊ ဘဝသံသရာ၊ ပါရမီကျင့်စဉ်

ဖြေ။ ဒေဝဒတ်သည် ကမ္ဘာတစ်သိန်း လွန်သောအခါ၌ **အဋ္ဌိဿရ** အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည် (ဓမ္မပဒ-ဋ္ဌ ၁၊ ၉၅။ မိလိန္ဒ ပဉှ၊ ၁၁၆)ဟု သာမန်သာလျှင် တွေ့ဖူးသည်။ ဝိပဿနာရှုဖူးသောကြောင့်၊ သို့မဟုတ် အချို့ ပါးစပ် အဆိုအရ ဂေါတမဗုဒ္ဓက ဗျာဒိတ်ပေးထားပြီး ဖြစ်သောကြောင့်စသည့် အကြောင်းပြချက်မျိုးကို (ထေရဝါဒ ကျမ်းများ၌) မတွေ့ဖူးပါ။

ဒေဝဒတ်သည် မြတ်ဗုဒ္ဓ၏ မိသားစု၌ မွေးဖွားခြင်း၊ ဆင်ပြောင် ငါးစီးအား ရှိခြင်း (သံ-ဋ္ဌ ၁၊ ၇၄)၊ သမာပတ် ၈-ပါး၊ အဘိညာဉ် ၅-ပါးကို ရခြင်း (အဘိ-ဋ္ဌ ၃၊ ၁၀၁)၊ မင်းသားဘဝတွင် ဗုဒ္ဓလောင်းလျာ မင်းသိဒ္ဓတ်ကို စိန်ခေါ်နိုင်ခြင်း၊ မိလိန္ဒပဉှကျမ်း (စာ-၁၁၈)အရ ဒေဝဒတ်မှာ အလှူပေးခြင်း တံတားဆောက်ခြင်း စသော ကုသိုလ်ထူးများ ရှိခြင်းစသည့် ကျမ်းဂန် ဖော်ပြချက်များအရ ဒေဝဒတ်လည်း ပါရမီရှိသူ တစ်ဦးဖြစ်ကြောင်း ယူဆနိုင်သည်။

ကမ္ဘာတစ်သိန်း အလွန်၌ ပစ္စေကဗုဒ္ဓ ဖြစ်မည်ဟု ကျမ်းအဆို (ကျမ်းညွှန်း ဖော်ပြပြီး) ရှိသောကြောင့် **နှစ်အသင်္ချေ နှင့် ကမ္ဘာတစ်သိန်း** ပါရမီဖြည့်ပြီး သစ္စာလေးပါး ဥဩ ယျတရားကို မိမိဘာသာ ဆရာမရှိ သိလာသူကို 'ပစ္စေကဗုဒ္ဓ' ဟု ခေါ်သည် (သံ-ဋ္ဌ ၁၊ ၂၄)'ဟူသော ကျမ်းဂန်အရ ရှင်ဒေဝဒတ် ဂေါတမဗုဒ္ဓနှင့် တွေ့ချိန်တွင် နှစ်အသင်္ချေ ပါရမီ ဖြည့်ထားပြီးပြီဟု ဆိုနိုင်သည်။ သို့ဆိုနိုင်လျှင် အဂ္ဂမဟာသာဝက ဖြစ်လာရန် **တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း သာလျှင်** ပါရမီ ဖြည့်ရသည့် အရှင်သာရိပုတ်နှင့် အရှင်မောဂ္ဂလ္လာန်တို့ထက် စောစီးစွာကပင် ဒေဝဒတ်က ပါရမီ ဖြည့်နေသူ ဖြစ်ကြောင်းလည်း ဆိုနိုင်သည်။

လွန်ခဲ့သည့် ၅-ကမ္ဘာ အလွန်က သေရိဝ ရွှဲကုန်သည် ဘဝ၌ ဗုဒ္ဓလောင်းလျာကို ရန်ငြိုးဖွဲ့သည် (ဇာ-ဋ္ဌ ၁၊ ၁၂၇)။ ယင်း ဒေါသဆူး စူးနေသောကြောင့် ဗုဒ္ဓလောင်းလျာကို ဘဝတစ်သိန်း သေကြောင်း ကြံဖူးပြီး (မိလိန္ဒ၊ ၁၃၈)၊ ယင်း ဒေါသဆူးကြောင့်ပင် လေးကြိမ် မြေမျို ခံရသည် (ဓမ္မပဒါ-ဋ္ဌ ၁၊ ၄၅)။ နှစ်အသင်္ချေ ပါရမီ ဖြည့်ထားပြီးဖြစ်သော်လည်း ထိုရန်ငြိုးကြောင့် ဂေါတမဗုဒ္ဓဟူသော ဗုဒ္ဓတစ်ဆူနှင့် ကြုံခိုက်မှာပင် ပါရမီ မဖြည့်လိုက်နိုင် ဖြစ်ရသည်။ အဝေးပြေး လမ်းပေါ်မှာ တစ်နာရီ ၈၀-နှုန်း မောင်းနေသည့်ကားသည် တာယာကွဲကို နင်းမိသကဲ့သို့ လမ်းကြောင်း လွဲပြီး အတန်းကြာ ရပ်နားရုံမျှ ဖြစ်သည်။

အရှင်အာနန္ဒာ လောင်းလျာလည်း သူ့အိမ်ယာကို ပြစ်မှားမိသဖြင့် ဦးခေါင်းကို ကျောက်တိုင်နှင့် ထိမိသလို ချာလပတ် လည်သွားဖူးသည်။ ထိုအကုသိုလ်ကြောင့် သံသရာ ဘဝအချို့မှာ 'ဥ'အထုတ်ခံရဖူးသည်။

ဒေဝဒတ်သည် မြေမျို ကွယ်လွန်ခါနီး မြတ်ဗုဒ္ဓကို အငြိုးဖြေ ကိုးကွယ် ဆည်းကပ်သွားသည့် ကုသိုလ်ကြောင့် အဝီစိ ငရဲက လွတ်သောအခါ ဆက်လက် ပါရမီဖြည့်ပြီး သူ့ရည်မှန်းချက် ဖြစ်သည့် 'ပစ္စေဗုဒ္ဓ' အဖြစ်ကို ရပါလိမ့်မည်။ ဤအကျိုးဆက်ကို မြင်တော်မူသောကြောင့်ပင် ဆန့်ကျင်မည်ကို သိလျက် မြတ်ဗုဒ္ဓက သူ့ကို ရဟန်းပြုပေးခဲ့ခြင်း ဖြစ်ကြောင်း ကျမ်းဂန်၌ ပြဆိုသည်။

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊
ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတပုညလက္ခဏံ၊
ပါဏေဟိ **ဗုဒ္ဓံ သရဏံ ဥပေမိ။**

**သဒ္ဓမ္မပုဏ္ဍရိက**သုတ် (မဟာယာန)၊ အခန်း-၁၁ (The Threefold Lotus Sutra, p. 209) ၌လည်း ဒေဝဒတ်သည် တစ်ချိန်မှာ 'ဒေဝရာဇ (King of gods)' အမည်ရှိသော ဗုဒ္ဓတစ်ဆူ ဖြစ်မည်ဟု သကျမုနိဗုဒ္ဓက မိန့်မြွက်တော်မူကြောင်း ဖော်ပြထားသည်။

===================

## မေး ၆။ အရှင်ဘုရား၊ နိုင်ငံခြားသူ တစ်ဦးက တိပိဋကမှာပါသည့် သားဆုပန်ခြင်း အကြောင်းကို ဥပမာ သာဓကများနှင့်တကွ သိလိုကြောင်း မေးမြန်းပါသဖြင့် ဖြေကြားပေးစေလိုပါသည်။

ဖြေ။ ဝိသာခါ ဆုရှစ်ပါး ရခြင်းကို အကြောင်းပြုပြီး မြတ်စွာဘုရားက သုရုစိဇာတ်ကို ဟောကြားသည်။ ဒီဇာတ်တော် (အမှတ်စဉ် ၄၈၉)အရ ဝိသာခါ လောင်းလျာ မိထိလာပြည့်ရှင် မိဖုရားကြီး သုမေဓာသည် မိမိ၏ ကိုယ်ကျင့် သီလကို သစ္စာပြု၍ ရသေ့ယောင် ဆောင်ထားသည့် သိကြားမင်းထံ၌ သားဆုပန်ပြီး ပန်သည့်ဆုနှင့် ပြည့်စုံသွားကြောင်း သိရသည် (ဇာ-ဋ္ဌ ၄၊ ၃၁၇)။

> **မှတ်ချက်။** 'ရဟန်းမိုးရေခံသင်္ကန်း၊ ရဟန်းမမိုးရေခံသင်္ကန်း၊ ဧည့်ရဟန်းဆွမ်း၊ ခရီးသွားရဟန်းဆွမ်း၊ ဂိလာနရဟန်းဆွမ်း၊ ဂိလာနုပဋ္ဌာက ရဟန်းဆွမ်း၊ လူနာကို ဆေးလှူ၊ ယာဂုဆွမ်းလှူ'ဟူသော ဝိသာခါ၏ ရာသက်ပန်အလှူ ရှစ်မျိုးကို ဆုရှစ်ပါးဟု ဆိုသည်။

ဥရုဝေလာ အရပ်ရှိ သေနာရွာကြီးသူ သူဌေးသမီး သုဇာတာသည် အရွယ်ရောက်သော် ညောင်ပင်စောင့် နတ်ကို ရည်ညွှန်းပြီး 'အမျိုးဇာတ်တူ လင်ယောကျ်ား အိမ်သို့ လိုက်သွားရသောအခါ ပထမဆုံး ကိုယ်ဝန်သည် သားယောကျ်ား ဖြစ်ပါက သင် (ညောင်စောင့်နတ်) အား နှစ်စဉ် ပူဇော်ပသပါမည်'ဟု ကတိကဝတ်ပြုပြီး သားဆုပန်သည် သို့မဟုတ် သားဆုကို တောင်းသည်။ ယင်းဆုတောင်း ပြည့်ခဲ့သည်။ (ဇာ-ဋ္ဌ ၁၊ ၇၉)။

သားဆုပန်ခြင်းနှင့် ပတ်သက်၍ လွယ်ကူ ထင်ရှားသည့် အထက်ပါ ဖြစ်ရပ်နှစ်ခုကို ဖော်ပြပါသည်။ အခြားသာဓကများလည်း ရှိနိုင်သေးသည်။ စုံနိုင်သမျှ စုံအောင်ရှာဖွေရန်မှာ သုတေသနပြု၏ တာဝန်သာ ဖြစ်သည်။
===================

## မေး ၇။ ရိုသေစွာ မေးမြန်းလျှောက်ထားအပ်ပါသည်ဘုရား၊ မဇ္ဈိမနိကာယ၊ သုညတဝဂ်တွင် သုညတသုတ်ကို ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့ပါသည်၊ တပည့်တော် ဖတ်ရှုကြည့်သော်လည်း လိုရင်း အနှစ်သာရကို နားလည်ရန် ခက်ပါသဖြင့် အနှစ်သာရအကျဉ်းချုပ် အနေဖြင့် ရှင်းပြပေးပါရန် တောင်းပန်အပ်ပါသည် ဘုရား။ ဝင်းသူ

### ဖြေ။ **စူဠသုညတသုတ်**

မဟာသုညတသုတ် သို့မဟုတ် ပထမ သုညတသုတ်မှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို 'ကင်းဆိတ်သော နေခြင်းဖြင့် များစွာ နေ၏'ဟု ရှင်တော်မြတ် မိန့်တော်မူသည့် စကား၏ အဓိပ္ပာယ်ကို ရှင်းပြသည်။

ပုဗ္ဗာရုံကျောင်းသည် လူ တိရစ္ဆာန်တို့၏ အသံ ကင်းဆိတ်ပြီး ရဟန်းတော်များ၏ အသံသာလျှင် ရှိသကဲ့သို့ ရဟန်းသည် ရွာ၊ လူ ဟူသော မှတ်သားမှုကို ပယ်၍ တောဟူသော အမှတ်သားမှုဖြင့်သာ နေပါက ထိုရွာ၊

လူတို့ကို အကြောင်းပြု ဖြစ်ပေါ်လာသည့် စိတ်ပူပန်မှု ကင်း ပြီး တောဟူသော အမှတ်ကြောင့် ဖြစ်သည့် သိမ့်မွေ့သည့် စိတ်ပူပန်မှုသာ ရှိသည်ဟု သိနိုင်သည်။ တောမှာ မရှိသည့်အရာမှ တောသည် ကင်းဆိတ်၏။ တောမှာ ရှိသည့် သိမ်မွေ့သည့် ပူပန်တော့ ရှိသေး၏ဟု သိမြင် နားလည်သည်။ ယင်းသို့ မှတ်သားမှု သညာကင်းပြီး နေခြင်းသည် မှန်ကန်သည့် ကင်းဆိတ်စွာ နေခြင်းပင် ဖြစ်သည်။

တစ်ဖန် မြေဟူသော သညာ၊ အရူပသညာ လေးပါး၊ ဝိပဿနာ မဂ်ဖိုလ်တို့၏ အဆင့်ဆင့် ပို၍ပို၍ ကင်းဆိတ်ပုံကို ဆက်လက်ပြီး ရှင်းပြသည်။ နောက်ဆုံးမှာ ရဟန္တာပုဂ္ဂိုလ်များသည် ယင်းသို့သော ကင်း ဆိတ်မှုမျိုးနှင့် နေထိုင်ကြကြောင်း မိန့်တော်မူသည်။

**မဟာသုညတသုတ်**

မဟာသုညတသုတ် သို့မဟုတ် ဒုတိယ သုညတသုတ်လည်း အရှင်အာနန္ဒာနှင့် ပတ်သက်သည်။ အပေါင်း အသင်း မက်သူသည် ဈာန်မဂ်ဖိုလ်ကို မရနိုင်၊ တစ်ပါးတည်း သမထ ဝိပဿနာနှင့် နေသူသာ ဈာန်မဂ်ဖိုလ် ကို ရနိုင်သည်။ ခန္ဓာကိုယ်ကို တပ်မက်လျှင် ခန္ဓာကိုယ်နှင့် ကင်းကွာသည့်အခါ ကိုယ်စိတ် ဆင်းရဲသည်။ ခန္ဓာကိုယ်သည် ယင်းကို တပ်မက်သူ၏ ကိုယ်စိတ် ဆင်းရဲကြောင်း ဖြစ်သည်။

'ငါဘုရားသည် မှတ်သားမှု ကင်းသည့် ဖလသမာပတ်ဖြင့် နေလေ့ရှိ၏။ သို့ဖြစ်၍ ငါဘုရားထံသို့ ရဟန်း၊ ရဟန်းမ၊ ဒကာ၊ ဒကာမတို့ ချဉ်းကပ်လာကြသည့်အခါ နိဗ္ဗာန်သို့ ညွတ်သောစိတဖြင့် သူတို့ကို ပြန်လွှတ် တော်မူလေ့ ရှိ၏'။

သင်ရဟန်းတို့လည်း ယင်းသို့ နေထိုင်လိုပါမူ ဣရိယာပုထ် လေးပါးမှာ လောဘ ဒေါသ မောဟ မဖြစ် အောင် အသိဉာဏ်ဖြင့် နေထိုင်ရမည်။ စကားပြောလျှင် လောကစကား၊ ရပ်စကား ရွာစကား မပြောဘဲ သီလ သမာဓိ ပညာ၊ အလိုနည်းမှု စသည်နှင့် စပ်သည့် စကားများကို ပြောဆိုမည်၊ ကြံစည် လျှင်လည်း ကာမ၊ ဗျာပါဒ၊ ဝိဟိံသာတို့ကို မကြံဘဲ ကာမဂုဏ်မှ လွတ်မြောက်မှုကို ကြံစည်မည် (စသည်)ဟု နှလုံး သွင်းရမည်။

ကာမဂုဏ်ငါးပါးကို တပ်မက်လျှင် တပ်မက်၏ဟု သိရမည်။ ခန္ဓာငါးပါး၏ ဖြစ်ပျက်မှုကို သိ၍ နေသည်။ သတိပဋ္ဌာန် အသိဖြင့် နေထိုင်မှု အသ္မိမာန (ငါဟူသော မာန်) လျော့နည်း ကင်ပျောက်သည်။

နိဗ္ဗာန်ရောက်ကြောင်း စကားကြီး ဆယ်မျိုး၊ တစ်ပါးတည်း ဆိတ်ငြိမ်ရာမှာ နေရင် ၁) ဆရာမှာ ၂) တပည့် မှာ၊ ၃) မြတ်သောအကျင့်ကို ကျင့်သူမှာ အန္တရာယ် ဖြစ်တတ်ပုံ၊ တပည့်သည် ဆရာအပေါ် မိတ်ဆွေကဲ့သို့ ကျင့်၍ ရန်သူမကျင့်သင့်ပုံကို ဆက်လက်၍ အကျယ်ရှင်းပြတော်မူသည်။

===================

**၈။ အရှင်ဘုရား။ မြတ်စွာဘုရားက ပါရမီရှင်ဖြစ်ပါလျက် ဘာကြောင့် အိုနာသေ နိမိတ်ကို နတ်တွေက သတိပေးဘို့ လိုနေပါသေးသလဲ။**

ကျမ်းဂန် အထောက်အထား အတိအကျကိုတော့ ရှာဆဲပါ။ ယုတ္တိအရ နတ်များ၏ သတိပေးခံရခြင်းသည် ပင်လျှင် ထူးကဲ ပါရမီရှင် ဖြစ်သောကြောင့်ဟု ဆိုနိုင်သည်။ မင်းသိဒ္ဓတ်သည် စည်းစိမ်ရှင် မင်းသား တစ်ပါး ဖြစ်သည်ကို မမေ့သင့်။ သာမန် လူတစ်ယောက်သည်ပင် နတ်တို့ သတိပေးသော်လည်း မင်းသိဒ္ဓတ်ကဲ့သို့ ပြုနိုင်ရန် မလွယ်ကူချေ။

===================

**၉။ အရှင်ဘုရား။ Meditation ကမ္ဘဋ္ဌာန်းလောကတွင် အဘယ့်ကြောင့် ပစ္စုပ္ပန် တည့်တည့်ရှုပါဟု ဆိုရပါသနည်း။ ဘုရားဟော ရှိပါသလား။ ပစ္စုပ္ပန် တည့်တည်ကို မည်သို့ မည်ပုံရှု၍ မည်သို့ လုပ်ဆောင်ရမည်ကို ဟောကြားထားသည်များရှိပါသလား။ ရှိပါက မည်သို့ ပစ္စုပ္ပန်၌ လုပ်ဆောင်ရပါမည်လဲ အရှင်ဘုရား။**

၉။ ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
    အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။ (မ ၃၊ ၂၂၈)

ပစ္စုပ္ပန်ဖြစ်သော သဘောတရားတို့ကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ပုဂ္ဂုလ်သည် (တဏှာဒိဋ္ဌိတို့ဖြင့်) ကပ်ငြိခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် ပွားများရာ၏။

အထက်ပါ ဘဒ္ဒေကရတ္တ သုတ်ဒေသနာအရ ကာယ ဝေဒနာ စိတ္တ ဓမ္မဟူသော သဘောတရားများ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည့် အခိုက်၌ သိအောင် လုပ်ခြင်းကို ဆိုလိုသည်။

ခဏပစ္စုပ္ပန် (ဖြစ်ခိုက်ကလေးမျှ အခိုက်အတံ့)၊ သန္တတိပစ္စုပ္ပန် (ထိုဖြစ်စဉ်ကို တွေးဆဲ အခိုက်အတံ့)၊ အဒ္ဓါပစ္စုပ္ပန် (ထိုဖြစ်စဉ်ကို တွေးပြီးသည့် အခိုက်အတံ့)ဟု ပစ္စုပ္ပန် ၃ မျိုး ရှိသည်။ ထိုတွင် စိတ်သည် နှစ်ခု တစ်ပြိုက်နက် မဖြစ်နိုင်သောကြောင့် ခဏပစ္စုပ္ပန်ကို ဝိပဿနာ ရှု၍ မရ။ သန္တတိပစ္စုပ္ပန်နှင့် အဒ္ဓါပစ္စုပ္ပန် နှစ်မျိုး၌သာ ဝိပဿနာ ရှုနိုင်သည်။

ဥပမာ .. မျက်စိဖြင့် အဆင်းကို မြင်ဆဲခဏ (ခဏပစ္စုပ္ပန်အခိုက်)၌ မြင်သိစိတ် ဖြစ်သည်။ ထိုစိတ်ကို ရှုမှတ်သည် ဆိုပါစို့၊ မြင်ဆဲခဏ စိတ်သည် အရှုခံစိတ်၊ ဤအရှုခံစိတ် ပျက်သွားပြီးမှ ထိုစိတ်ကို ရှုသိမည့် ရှုသိစိတ် ဖြစ်သည်။ အရှုခံစိတ် ဖြစ်ခိုက်တွင် ရှုသိစိတ် မပေါ်နိုင်သေး။ စိတ်ဖြစ်စဉ်အတွင်း ပထမစိတ်ကို ဒုတိယစိတ်ဖြင့် ရှုမှတ်ခြင်း ဖြစ်သည်။ ဤပစ္စုပ္ပန်နှစ်မျိုး၌ နေခြင်းကို ပစ္စုပ္ပန် တည့်တည့် ရှုခြင်းဟု ခေါ်သည်။

သန္တတိပစ္စုပ္ပန်နှင့် အဒ္ဓါပစ္စုပ္ပန် အခိုက်အတံ့တို့၌ စိတ်ဖြစ်စဉ်ကို ရှုလျှင် အရှုခံစိတ်နှင့် ရှုစိတ် နှစ်ခုသည် နီးစပ်နိုင်သမျှ နီးစပ်ပါက အကြား၌ ကိလေသာ ဝင်မလာနိုင်။ ထို့ကြောင့် ပစ္စုပ္ပန် တည့်တည့်၌ ရှု၍ နေရန် ဘုရား ဟောတော်မူခြင်း ဖြစ်သည်။

===================

**၁၀။ ဦးတင်ပါသည် အရှင်ဘုရား။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ဒါကို ကံကံ၏ အကျိုး (ကမ္မနိယာမ)လို့ ဆိုနိုင်ပါသလား။ ဒီထက် အရာ ကျယ် ပါသလား ဆရာတော်။ အရှင်ဘုရား ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာပါစေ။**
**ဦးကြည်ရှိန် ( ဒေလီစီတီ)**
**ဇွန် ၁၅ ၊ ၂၀၂၄**

၁၀။ ကမ္မနိယာမဟူသည် ကံတို့၏ တည်မြဲသည့် သဘာဝ၊ ကံတို့၏ ဓမ္မတာ (ဖြစ်စဉ်)ဟု အဓိပ္ပာယ်ရသည်။ လယ်တီဆရာတော်က 'ကမ္မနိယာမဆိုသည်ကား သတ္တဝါတို့မှာ ရေး၌ ပြုခဲ့သော ကံအမှုနှင့် တူစွာ အကျိုး ပေးမှု မြဲခြင်းတည်း'ဟု အဓိပ္ပာယ်ဖွင့်သည် (နိယာမဒီပနီ)။

'ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်'ဟု ယုံကြည် ခြင်းသည် ကံတို့၏ အကျိုးပေးမှုကို လက်ခံခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္မနိယာမကို လက်ခံ ယုံကြည်ခြင်းဟုလည်း ဆိုနိုင်သည်။ ကံအကျိုးပေးပုံမှာ များစွာ ကျယ်ဝန်းသည်။

(လယ်တီဆရာတော်၏ **နိယာမဒီပနီ၊** ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပထမစံကျောင်း ဆရာ တော်၏ **ကံဉာဏ်ဝီရိယအကျယ်ကျမ်း၊** တိပိဋကပါဠိမြန်မာ အဘိဓာန်၊ အတွဲ ၅၊ စာမျက်နှာ ၂၉၈ တို့မှာ အကျယ်ဖတ်ရှုပါ)။

====================

**၁၁။ အရှင်ဘုရား .. မာရ်နတ်က အခုချိန်ထိ အရူပဘုံမှာ ရှိနေသေးပါလားဘုရား။ သူက သက်တမ်း မကုန်သေးလို့ အဲဒီမှာရှိနေတာလားဘုရား။ တခြား မာရ်နတ်နှင့် ပတ်သက်၍ တပည့်တော် မသိဘဲ မှားယွင်းနေတာရှိပါက ဖြေကြားပေးပါဘုရား။**

၁၁။ မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌ သူပုန်ဗိုလ် နတ်ဆိုးကြီး ဖြစ်သည် (ဝိ-ဌ ၁၊ ၉၈)။ ထေရဝါဒ ကျမ်းဂန်အရ မာရ်နတ်သည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူချိန်ထိ မိုက်နေတုန်း ဖြစ်သည်။

**လောကပညတ္တိ**ကျမ်းအရ အရှင်ဥပဂုတ္တမထေရ်၏ ဆုံးမမှုကြောင့် မာနတ်သည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက် နှစ်ပေါင်း ၂၅၀ ခန့် အကြာတွင် ဗုဒ္ဓဝါဒီ ဖြစ်သွားရုံမက ဘုရားဆုကိုလည်း ပန်ဆိုကြောင်း သိရ သည် (လောကပညတ္တိ၊ ပေမူ ငါ-ဝမ်း၊ ငါ-ကျော)။ စွန်းလွန်း ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (စာ-၄၉) တွင် မာရ်နတ်ကို သူတော်ကောင်းကြီးအဖြစ် ဆရာတော်က မိန့်ဆိုကြောင်း ဖော်ပြထားသည်။

**မှတ်ချက်။** ။ ပိဋကတ်တော်သမိုင်းအရ လောကပညတ္တိကျမ်းကို သီဟိုဠ် မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိ မထေရ်တစ်ပါး ရေးကြောင်းနှင့် မူရင်းမှာ သက္ကတဘာသာ ဖြစ်ပြီး ယခုအခါ တရုတ်ဘာသာ နှင့်သာ ရှိတော့ကြောင်း သိရသည်။ မှန်နန်းရာဇဝင်၌ ဤကျမ်းကို သံဂါယနာတင် ကျမ်းစာ မဟုတ်သော ကြောင့် ခိုင်လုံသော ကျမ်းမဟုတ်ဟု ဆိုသည်။

====================

**၁၂။ မြတ်စွာဘုရားက လောကမှာ ဘယ်လို အလုပ် လုပ်ရမယ်။ ပြီးတော့ ခေါင်းဆောင်ကောင်း၊ အလုပ်သမားကောင်း၊ နောက်လိုက်ကောင်း ဖြစ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာကို ဟောထားတဲ့ တရားများ ရှိပါသလားဆိုတာကို သိချင်ပါသည် အရှင်ဘုရား။**

**ပြီးတော့ဘယ်လို ပိုက်ဆံ ရှာရမယ်။ ရတဲ့ ပိုက်ဆံတွေကို ဘယ်လို သုံးရမယ်ဆိုသည်ကိုရော သိချင်ပါသည် အရှင်ဘုရား။**

၁၃။ ယသဝဍ္ဎန (အခြွေအရံ တိုးပွားကြောင်း = ချမ်းသာကြောင်း) တရား

ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။

သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတဿ ယသောဘိဝဍ္ဎတိ။

ထကြွလုံ့လရှိသူ သတိရှိသူ စင်ကြယ်သော ကံသုံးပါးရှိသူ စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသူ ဣန္ဒြေကို စောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့လျော့သောသူ၊ ထိုသူတို့အား အခြွေအရံ အကျော်အစောသည် တိုးပွား၏။ (ကျမ်းညွှန်း။ တောင်ဖီလာဆရာတော်၏ ယသဝဍ္ဎနဝတ္ထု၊ စတုတ္ထစံကျောင်းဆရာတော်၏ ကံညဏ်ဝီရိယအဖွင့် များကို ဆက်လက်၍ ဖတ်ပါ။)

## ခေါင်းဆောင်ကောင်းကျင့်ဝတ်

ထကြွ နိုးကြား သနား သည်းခံ ဝေဘန် ကြည့်ရှု ဉာဏ်ခြောက်ခုကား ကြီးသူ့ ကျင့်ရာတရားတည်း။
(ဦးဖုန်၊ ဂီဟိဝိနယ ဆုံးမစာ)။

## တပည့်ကျင့်ဝတ်

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ် မခွတ်ငါးခုသာ။

## အလုပ်သမားကျင့်ဝတ်

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှ ယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။ (သင်္ဂဇာဆရာတော်၊ သိင်္ဂလောဝါဒဆုံးမစာ)

စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ (ဒီ ၃၊ ၁၅၃)

အိမ်ထောင်သည် ဘဝကို တည်ဆောက်သူသည် စည်းစိမ်ဥစ္စာကို ကောင်းစွာ စုဆောင်း၍ လေးဖို့ ခွဲဝေရာ၏။ တစ်ဖို့ဖြင့် စည်းစိမ်ကို ခံစားရာ၏။ နှစ်ဖို့တို့ဖြင့် ကုန်ရောင်း ကုန်ဝယ် ပြုရာ၏။ လေးခုမြောက် အဖို့ကိုမူ ဘေးရန် ဖြစ်ပေါ်လာလျှင် အသုံးပြုနိုင်ရန် သိုးမှီး သိမ်းဆည်းထားရမည်။

ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။ (သံ ၁၊ ၂၁၇)

လျောက်ပတ်သော အမှုကိစ္စကို ပြုသူ၊ အမြဲ လုံ့လကြိုးကုတ် အားထုတ်သော ထကြွလုံ့လဝီရိယ ရှိသောသူသည် ဥစ္စာကို ရ၏။ (အာဠဝကဘီလူးအား မြတ်စွာဘုရား၏ ဟောကြားချက်)

=====================